(၃) သီးခိုင်ပုပ်/မီးခိုးရောင်မှိုရောဂါ (Bunch rot/Grey mould)

**ရောဂါဖြစ်စေသက်ရှိ-** *Botrytis cinerea* Pers. 1801

ရောဂါလက္ခဏာ

ပန်းမပွင့်မီ အရွက်ပေါ်တွင်နီညိုရောင် အရွက်တစ်ရှူးသေ ဒါဏ်ရာကွက်များဖြစ်ပေါ်သည်။ ပန်းခိုင်ပေါ်တွင်ကျရောက်ပါက ပုပ်ပြီးခြောက်သွားသည်။ အသီးခိုင်ပေါ်တွင်ကျရောက်ပါက သီးခိုင်များလျှင်မြန်စွာပုပ်သွားပြီး မီးခိုးရောင်မှိုမျှင်စုများကိုတွေ့ရသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါဒါဏ်ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပျိုးပါ။
- ရောဂါကျအရွက်များနှင့် သီးခိုင်များအားခူးယူဖျက်ဆီးပစ်ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)၊ Captan (ကက်ပ်တန်)၊ Iprodione (အိုင်ပရိုဒီရုန်း)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) စသောမှိုသတ် ဆေးများအသုံး ပြုနိုင်သည်။